ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ပုဒ်မ ၁၈ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ခွင့်ရက်နှင့်အလုပ်ပိတ်ရက် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေကို ဆိုသည်။

(ခ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ ဥပဒေပုဒ်မ ၁၂ အရ တာဝန်ချထားသည့် သို့မဟုတ် ခန့်ထားသည့် စစ်ဆေးရေးအရာရှိကို ဆိုသည်။

(ဂ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(င) **ရက်သတ္တပတ်**ဆိုသည်မှာ စနေနေ့ညဉ့်သန်းခေါင်အချိန်မှ စတင်ရေတွက်သော တစ်ဆက်တည်း ခုနစ်ရက်ကာလအပိုင်းအခြားကို ဆိုသည်။

(စ) **သက်ဆိုင်ရာနှစ်**ဆိုသည်မှာ ဥပဒေအရ အလုပ်သမားရထိုက်ခွင့်ရှိသော ခွင့်ရက်နှင့် အလုပ်ပိတ် ရက်များ ခံစားခွင့်ရှိသည့်နှစ်ကို ဆိုသည်။

(ဆ) **ရှောင်တခင်ခွင့်ရက်**ဆိုသည်မှာ မမျှော်လင့်သော ရုတ်တရက်အကြောင်းကိစ္စပေါ်ပေါက်ခဲ့လျှင် ရထိုက်ခွင့်ရှိသော ခွင့်ရက်ကို ဆိုသည်။

(ဇ) **ဆေးလက်မှတ်ခွင့်ရက်**ဆိုသည်မှာ မမာမကျန်းဖြစ်သည့်အခါ ရထိုက်ခွင့်ရှိသော ခွင့်ရက်ကို ဆိုသည်။

(ဈ) **မီးဖွားခွင့်ရက်**ဆိုသည်မှာ အမျိုးသမီးအလုပ်သမားများ ကိုယ်ဝန်ဆောင်နေစဉ်နှင့် မီးဖွားပြီးချိန် ရထိုက်ခွင့်ရှိသော ခွင့်ရက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြစ်ဒဏ်ထိုက်သင့်သည့် ကိုယ်ဝန်ပျက် စေခြင်းမဟုတ်သော ကိုယ်ဝန်ပျက်ကျမှုလည်း ပါဝင်သည်။

(ည) **ရက်သတ္တပတ်အလုပ်ပိတ်ရက်**ဆိုသည်မှာ ရက်သတ္တပတ်လျှင် အနည်းဆုံးတစ်ရက်အနားပေးသည့် ရက်ကို ဆိုသည်။

(ဋ) **အများပြည်သူအလုပ်ပိတ်ရက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အများပြည်သူအလုပ်ပိတ်ရက်များကို ဆိုသည်။

(ဌ) **ခွင့်မှတ်တမ်း**ဆိုသည်မှာ ခံစားခွင့်ပေးသော ခွင့်အမျိုးအစားအလိုက်ထားရှိရမည့် မှတ်တမ်းကို ဆိုသည်။

(ည) **သတ်မှတ်အလုပ်ချိန်** ဆိုသည်မှာ လုပ်ငန်းအလိုက်သက်ဆိုင်သည့် အလုပ်သမားဥပဒေက အလုပ်သမား အမျိုးအစားအလိုက် ခွင့်ပြုထားသည့် တစ်ရက်ခွင့်ပြုအလုပ်ချိန်၊ ရက်သတ္တပတ်ခွင့်ပြု အလုပ်ချိန်တို့ကို ဆိုသည်။

(ဋ) **အခြေခံလစာငွေ**ဆိုသည်မှာ ပြက္ခဒိန်လတစ်လတွင် လုပ်ကိုင်ရသည့် အလုပ်တာဝန်နှင့်အညီ ရရှိမည့်လစာငွေကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခ၊ ရှားပါးစရိတ်နှင့် အပိုဆုကြေးငွေများ စသည့် မည်သည့်စရိတ်မျှ မပါဝင်။

(ဌ) **သက်ဆိုင်ရာရာအခကြေးငွေ**ဆိုသည်မှာ အလုပ်သမားလုပ်ရမည့် အလုပ်တာဝန်နှင့်အညီ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်ကြိုတင်သဘောတူညီထားသော နာရီအလိုက်ရရှိသည့် အခကြေးငွေ သို့မဟုတ် တစ်ရက်သတ်မှတ်အလုပ်ချိန်အတွက်ရရှိသည့် နေ့စားခနှုန်း သို့မဟုတ် ထုတ်လုပ်မှုအရေအတွက်နှင့် ဝန်ဆောင်မှုပမာဏပေါ်မူတည်၍ ရရှိသည့် ပုတ်ပြတ်လုပ်ခတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခ၊ ရှားပါးစရိတ်နှင့် အပိုဆုကြေးငွေများစသည့် မည်သည့်စရိတ်မျှ မပါဝင်။

(ဍ) **နေ့စားအလုပ်သမား**ဆိုသည်မှာ တစ်ရက်သတ်မှတ်အလုပ်ချိန်အတွက် အလုပ်လုပ်ကိုင်ရပြီး ထိုနေ့ အတွက် လုပ်ခကို အလုပ်ရှင်နှင့် သဘောတူညီထားသည့်နှုန်းဖြင့် ရရှိသည့် အလုပ်သမားကို ဆိုသည်။

(ဎ) **လစားအလုပ်သမား**ဆိုသည်မှာ ပြက္ခဒိန်လတစ်လအတွက် ပုံသေလစာသတ်မှတ်လုပ်ကိုင်သည့် အလုပ်သမားကို ဆိုသည်။

(ဏ) **ပုတ်ပြတ်အလုပ်သမား**ဆိုသည်မှာ ထုတ်လုပ်မှုအရေအတွက် သို့မဟုတ် ဝန်ဆောင်မှု ပမာဏပေါ် မူတည်၍ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးသဘောတူ ကြိုတင်သတ်မှတ်ထားသည့် အခကြေးငွေ နှုန်းဖြင့် လုပ်ကိုင်ရသည့် အလုပ်သမားကို ဆိုသည်။

(တ) **လုံခြုံရေးဝန်ထမ်း**ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနနှင့် လုပ်ငန်းများရှိ အစောင့် လုံခြုံရေးဝန်ထမ်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေပါကိစ္စများအလို့ငှာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နေအိမ်အစောင့် လုံခြုံရေးဝန်ထမ်းများ မပါဝင်။

(ထ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော ပုံစံကို ဆိုသည်။

## အခန်း (၂)

## ရက်သတ္တပတ်အလုပ်ပိတ်ရက်နှင့်အများပြည်သူအလုပ်ပိတ်ရက်များ

### ရက်သတ္တပတ်အလုပ်ပိတ်ရက်

၃။ အလုပ်သမားသည် သက်ဆိုင်ရာဥပဒေအရ ရက်သတ္တပတ်သတ်မှတ်အလုပ်ချိန်ပြည့်အောင် လုပ်ခဲ့ပြီး ဖြစ်လျှင် ရက်သတ္တပတ်အလုပ်ပိတ်ရက် အနည်းဆုံးတစ်ရက်ကို သက်ဆိုင်ရာရာအခကြေးငွေ သို့မဟုတ် အခြေခံလစာငွေဖြင့် ခံစားခွင့်ရှိသည်။

၄။ ရက်သတ္တပတ် သတ်မှတ်အလုပ်ချိန်ကို တွက်ချက်ရန်အလို့ငှာ လုပ်ခခံစားခွင့်ရှိသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များကို တရားဝင် အလုပ်လုပ်ရက်အဖြစ် ထည့်သွင်းတွက်ချက်ရမည့်အပြင် အလုပ်ရှင်က အလုပ်မပေးနိုင်၍ အလုပ်နားရသည့်ရက်များလည်း ပါဝင်သည်။ လုပ်ခခံစားခွင့်ရှိသည့် ခွင့်ရက် သို့မဟုတ် အလုပ်ပိတ်ရက်တစ်ရက်အတွက် တစ်ရက်သတ်မှတ်အလုပ်ချိန်ကိုသာ ထည့်သွင်းရန်ဖြစ်သည်။

၅။ အလုပ်သမားသည် ရက်သတ္တပတ်အလုပ်ပိတ်ရက် ကုန်ဆုံးပြီးနောက်တစ်ရက်မှစတင်၍ ခွင့်တစ်မျိုးမျိုး ခံစားလျှင် သို့မဟုတ် ခွင့်ရက်ကုန်ဆုံးပြီးနောက်ရက်သည် ရက်သတ္တပတ်အလုပ်ပိတ်ရက်ဖြစ်လျှင် အဆိုပါ ရက်သတ္တပတ်အလုပ်ပိတ်ရက်သည် ခွင့်ရက်နှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိစေရ။ သို့သော် ရက်သတ္တပတ် အလုပ်ပိတ်ရက် မတိုင်မီကစတင်ပြီး ရက်သတ္တပတ်အလုပ်ပိတ်ရက်ကုန်ဆုံးပြီးသည့် နောက်တစ်ရက် အပါအဝင်ထိ ခွင့်ခံစားခြင်းဖြစ်လျှင် အဆိုပါ ရက်သတ္တပတ်အလုပ်ပိတ်ရက်ကို ခွင့်ရက်အဖြစ် အကျုံးဝင် သက်ဆိုင်စေရမည်။ ထိုရက်သတ္တပတ် အလုပ်ပိတ်ရက်ကို အခြားတစ်ရက်သို့ပြောင်းလဲ တောင်းခံခွင့်မပြုရ။

၆။　အလုပ်သမားသည် ရက်သတ္တပတ်အလုပ်ပိတ်ရက်ကုန်ဆုံးပြီး နောက်တစ်ရက်မှစတင်၍ နောက်ရက်သတ္တပတ် အလုပ်ပိတ်ရက်အထိ ခွင့်ခံစားပါက နောက်ရက်သတ္တပတ် အလုပ်ပိတ်ရက်ကို ခွင့်ရက်အဖြစ် သတ်မှတ်ရမည်။

၇။　အလုပ်သမားသည် ရက်သတ္တပတ်အလုပ်ပိတ်ရက်တွင် အလုပ်လုပ်ရပါက ရက်သတ္တပတ်အလုပ်ပိတ်ရက် မကျရောက်မီ အများပြည်သူအလုပ်ပိတ်ရက်မဟုတ်သည့် သုံးရက်အနက် တစ်ရက်ရက်တွင်ဖြစ်စေ၊ ရက်သတ္တပတ်အလုပ်ပိတ်ရက်ကျရောက်ပြီးနောက် အများပြည်သူအလုပ်ပိတ်ရက်မဟုတ်သည့် သုံးရက်အနက် တစ်ရက်ရက်တွင်ဖြစ်စေ ထိုရက်သတ္တပတ်အလုပ်ပိတ်ရက်အတွက် ရက်အစားထိုး၍ အနားပေးရမည်။ ထိုသို့ ရက်အစားထိုးအနားရပါက အချိန်ပိုလုပ်အားခ ခံစားခွင့်မရှိစေရ။

၈။　အလုပ်သမားတစ်ဦးဦးအား အလုပ်ပိတ်ရက် တစ်ရက်လုံးမရစေဘဲ အဆက်မပြတ် တစ်ဆယ်ရက် ထက်ပို၍ အလုပ်လုပ်ရခြင်းကိုဖြစ်စေမည့် မည်သည့်ရက်အစားသွင်းခြင်းကိုမျှ မပြုရ။

၉။　ရက်သတ္တပတ် အလုပ်ပိတ်ရက်တွင် လုပ်ငန်းသဘာဝအရ မဖြစ်မနေ အလုပ်လုပ်ရန် အကြောင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက အလုပ်သမား၏ဆန္ဒကိုရယူပြီး ယင်းနေ့မတိုင်မီ ဦးစီးဌာနသို့ ကြိုတင် ခွင့်ပြုမိန့်တောင်းခံရမည်။ ခွင့်ပြုချက်ရမှသာ အလုပ်ခိုင်းစေရမည်။

၁၀။　ထိုသို့ ရက်သတ္တပတ် အလုပ်ပိတ်ရက်တွင် အလုပ်လုပ်စေရန် ကြံရွယ်ကြောင်းနှင့် ရက်သတ္တပတ် အလုပ်ပိတ်ရက်ကို မည်သည့်နေ့တွင်ရက်အစားထိုး၍ အနားပေးမည်ဖြစ်ကြောင်း အနည်းဆုံး ၂၄ နာရီ ကြိုတင်၍ စစ်ဆေးရေးအရာရှိထံသို့ ကြိုတင်အကြောင်းကြားပြီး ဖြစ်ရမည့်အပြင် အလုပ်ဌာန၌လည်း အလုပ်သမားများ မြင်သာအောင် ကပ်ထားရမည်။

၁၁။　အလုပ်သမားသည် ရက်သတ္တပတ်အလုပ်ပိတ်ရက်၌ အလုပ်လုပ်ရ၍ ထိုနေ့မတိုင်မီ အများပြည်သူ အလုပ်ပိတ်ရက်မဟုတ်သည့် သုံးရက်အနက် တစ်ရက်ရက်တွင်ဖြစ်စေ၊ ထိုနေ့နောက် အများပြည်သူအလုပ် ပိတ်ရက်မဟုတ်သည့် သုံးရက်အနက် တစ်ရက်ရက်တွင်ဖြစ်စေ အစားထိုးအလုပ်ပိတ်ရက်ရပြီးဖြစ်လျှင် အလုပ် သမား၏ရက်သတ္တပတ် အလုပ်လုပ်သည့်အချိန်ကို တွက်ချက်ရာတွင် ထိုအလုပ်ပိတ်ရက်အတွက် အလုပ် ချိန်ကို အလုပ်သမားအား အစားထိုးအနားပေးသည့် သက်ဆိုင်ရာ ရက်သတ္တပတ်တွင် ထည့်သွင်းရမည်။

၁၂။　လုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်သူများ၊ အဆိုင်းစနစ်တွင်လုပ်ကိုင်သည့် အလုပ်သမားများသည် အလုပ်ရှင်နှင့် သဘောတူညီထားသည့်အတိုင်း ရက်သတ္တပတ်အလုပ်ပိတ်ရက်ကို အလှည့်ကျသည့် အလုပ် ပိတ်ရက်ပေးသောစနစ်ဖြင့် ခံစားရမည်။

၁၃။　ရက်သတ္တပတ် အလုပ်ပိတ်ရက်သည် အများပြည်သူအလုပ်ပိတ်ရက်နှင့်တစ်ထပ်တည်းကျရောက် ခဲ့လျှင် ထိုနေ့ကို အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ခံစားခွင့်ပြုရမည်။

၁၄။　ရက်သတ္တပတ် အလုပ်ပိတ်ရက်အတွက် သက်ဆိုင်ရာရာအခကြေးငွေကို တွက်ချက်ရာတွင် နေ့စား အလုပ်သမားများအတွက် အလုပ်ရှင်နှင့် သဘောတူညီထားသည့် တစ်နေ့အတွက် လုပ်ခနှုန်းဖြင့်လည်းကောင်း၊ ပုတ်ပြတ်အလုပ်သမားများအတွက် ရက်သတ္တပတ်အလုပ်ပိတ်ရက်မတိုင်မီ ခုနစ်ရက်အတွင်းရရှိသော လုပ်ခစုစုပေါင်းကို အမှန်တကယ်လုပ်ကိုင်ခဲ့သည့် အလုပ်ဆင်းရက်ဖြင့်စား၍ ရရှိသော ပျမ်းမျှလုပ်ခနှုန်းဖြင့် လည်းကောင်း တွက်ချက်ရမည်။

၁၅။　အလုပ်ရှင်သည် ရက်သတ္တပတ် အလုပ်ပိတ်ရက်အတွက် ငွေကြေးခံစားခွင့်များကို မှတ်တမ်းအဖြစ် ထိန်းသိမ်းထားရှိပြီး ဦးစီးဌာနသို့ ပုံစံ (၄) ဖြင့် ငွေကြေးခံစားခွင့်မှတ်တမ်းကို လစဉ်ပေးပို့ရမည်။

**အများပြည်သူ အလုပ်ပိတ်ရက်**

၁၆။　နေ့စားနှင့် ပုတ်ပြတ်အလုပ်သမားများသည် အများပြည်သူအလုပ်ပိတ်ရက်အပါအဝင် သက်ဆိုင်ရာ ဥပဒေအရ ရက်သတ္တပတ်သတ်မှတ်အလုပ်ချိန်ပြည့်အောင်လုပ်ခဲ့ပြီးဖြစ်လျှင် အများပြည်သူအလုပ်ပိတ်ရက်ကို သက်ဆိုင်ရာရာအခကြေးငွေဖြင့် ခံစားခွင့်ရှိသည်။

၁၇။　အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်လုပ်ရမည်ဆိုပါက အလုပ်သမား၏ဆန္ဒကိုရယူပြီး ယင်းနေ့ မတိုင်မီ ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုမိန့်တောင်းခံရမည်။ ခွင့်ပြုချက်ရမှသာ အလုပ်ခိုင်းစေရမည်။

၁၈။ အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်လုပ်စေရန် ကြံရွယ်ကြောင်းကို အနည်းဆုံး ၂၄ နာရီ ကြိုတင်၍ စစ်ဆေးရေးအရာရှိထံသို့ ကြိုတင်အကြောင်းကြားပြီးဖြစ်ရမည့်အပြင် အလုပ်ဌာန၌လည်း အလုပ်သမားများမြင်သာအောင် ကပ်ထားရမည်။

၁၉။ အများပြည်သူအလုပ်ပိတ်ရက်အတွက် အခြေခံလစာငွေ သို့မဟုတ် သက်ဆိုင်ရာရာအခကြေးငွေကို တွက်ချက်ရာတွင် လစားအလုပ်သမားများအတွက် တစ်လစာ၏ ၃၀ ပုံ ၁ ပုံနှင့်ညီမျှသော အခကြေးငွေဖြင့်လည်းကောင်း၊ နေ့စားအလုပ်သမားများအတွက် အလုပ်ရှင်နှင့်သဘောတူညီထားသည့် တစ်နေ့အတွက် လုပ်ခနှုန်းဖြင့်လည်းကောင်း၊ ပုတ်ပြတ်အလုပ်သမားများအတွက် အများပြည်သူအလုပ်ပိတ်ရက်မတိုင်မီ ခုနစ်ရက်အတွင်းရရှိသော လုပ်ခစုစုပေါင်းကို အမှန်တကယ်လုပ်ကိုင်ခဲ့သည့် အလုပ်ဆင်းရက်ဖြင့် စား၍ရရှိသော ပျမ်းမျှလုပ်ခနှုန်းဖြင့်လည်းကောင်း တွက်ချက်ရမည်။

၂၀။ အလုပ်ရှင်သည် အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်သမားအား အလုပ်ခိုင်းစေရာ၌ တစ်ရက် သတ်မှတ်အလုပ်ချိန်ပြည့်အောင် ခိုင်းစေခြင်းမရှိဘဲ အချိန်ပိုင်းမျှသာ ခိုင်းစေသော်လည်း လုပ်ခကို ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း သက်ဆိုင်ရာရာ အခြေခံအခကြေးငွေကိုသော်လည်းကောင်း၊ အခြေခံလစာငွေကိုသော်လည်းကောင်း ပေးမြဲနှုန်း၏ နှစ်ဆပေးချေရမည်။

၂၁။ အလုပ်ရှင်သည် အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်သမားအား အလုပ်ခိုင်းစေရာ၌ တစ်ရက် သတ်မှတ်အလုပ်ချိန်ပြည့်ခိုင်းစေသည့်ကိစ္စတွင် ပုတ်ပြတ်အလုပ်သမားများအတွက် ထိုနေ့ရရှိသည့် ထုတ်လုပ်မှု အရေအတွက် သို့မဟုတ် ဝန်ဆောင်မှုပမာဏပေါ် မူတည်၍ ရရှိသောလုပ်ခ၏ နှစ်ဆကိုပေးချေရမည်။

၂၂။ အလုပ်သမားသည် အများပြည်သူအလုပ်ပိတ်ရက်ကုန်ဆုံးပြီး နောက်တစ်ရက်မှစတင်၍ ခွင့်တစ်မျိုးမျိုး ခံစားလျှင် သို့မဟုတ် ခွင့်ရက်ကုန်ဆုံးပြီးနောက်ရက်သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်လျှင် အဆိုပါ အများပြည်သူအလုပ်ပိတ်ရက်သည် ခွင့်ရက်နှင့်အကျုံးဝင်သက်ဆိုင်ခြင်းမရှိစေရ။ သို့သော် အများပြည်သူ အလုပ်ပိတ်ရက်မတိုင်မီကစတင်ပြီး အများပြည်သူအလုပ်ပိတ်ရက်ကုန်ဆုံးပြီးသည့် နောက်တစ်ရက်အပါအဝင်ထိ ခွင့်ခံစားခြင်းဖြစ်လျှင် အဆိုပါ အများပြည်သူအလုပ်ပိတ်ရက်ကို ခွင့်ရက်အဖြစ် အကျုံးဝင်သက်ဆိုင်စေရမည်။ ထိုအများပြည်သူ အလုပ်ပိတ်ရက်ကို အခြားတစ်ရက်သို့ ပြောင်းလဲတောင်းခံခွင့်မပြုရ။

## အခန်း (၃)

## ခွင့်ခံစားခြင်း

၂၃။ အလုပ်သမားသည် ဥပဒေအရ သတ်မှတ်ထားသည့် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ကာလအတိုင်း သက်ဆိုင်ရာရာအခကြေးငွေ သို့မဟုတ် လစာငွေဖြင့် ခံစားခွင့်ရှိသည်။ သို့သော် လုပ်သက်ခွင့်ရက်ကိုမူ သက်ဆိုင်ရာရာပျမ်းမျှအခကြေးငွေနှင့်ဖြစ်စေ၊ ပျမ်းမျှလစာငွေဖြင့်ဖြစ်စေ ခံစားခွင့်ရှိသည်။

၂၄။ အလုပ်သမားသည် အလုပ်သင်ကာလနှင့် အစမ်းခန့်ကာလတို့တွင် ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက်၊ မီးဖွားခွင့်ရက်တို့ ခံစားခွင့်ရှိသည်။

၂၅။ ခွင့်ကာလနှင့်စပ်လျဉ်း၍ ခွင့်ကာလကုန်ဆုံးပြီး အလုပ်ပြန်လည်ဝင်ရောက်ခြင်းမရှိသည့်ရက်များကို ပျက်ကွက်ရက်အဖြစ် သတ်မှတ်နိုင်သည်။

၂၆။ ခွင့်စတင်သည့် နေ့ရက်၏ရှေ့တွင်ဖြစ်စေ၊ ခွင့်ကုန်ဆုံးသည့်နေ့ရက်၏နောက်တွင်ဖြစ်စေ အလုပ်ပိတ်ရက်များ ဖြစ်နေခဲ့လျှင် ထိုအလုပ်ပိတ်ရက်များကို ခွင့်ကာလအဖြစ် ရေတွက်ခြင်းမပြုရ။

၂၇။ ခွင့်ခံစားနေစဉ်အတွင်း အလုပ်သမားကို အလုပ်ဌာနနေရာပြောင်းခြင်း၊ ရာထူးအဆင့်လျှော့ချခြင်း၊ လစာလျှော့ချခြင်း သို့မဟုတ် အလုပ်မှ ထုတ်ပယ်ခြင်းမပြုရ။

### ရှောင်တခင်ခွင့်ရက်ခံစားခြင်း

၂၈။ အလုပ်သမားသည် အလုပ်စတင်ဝင်ရောက်သည့်အချိန်မှ လုပ်သက်နှစ်လပြည့်သည့်အခါတိုင်း ရှောင်တခင်ခွင့်တစ်ရက်နှုန်းကို သက်ဆိုင်ရာနှစ်အတွင်း သက်ဆိုင်ရာရာအခကြေးငွေ သို့မဟုတ် အခြေခံ

လစာငွေအပြည့်ဖြင့် ခံစားခွင့်ရှိသည်။ သို့ရာတွင် လုပ်သက်နှစ်လမပြည့်သော်လည်း ခိုင်လုံသောအကြောင်းပြချက်ရှိပါက ရှောင်တခင်ခွင့်ရက်ကို အလုပ်ရှင်က ခံစားခွင့်ပြုရမည်။

၂၉။ ရှောင်တခင်ခွင့်ရက်ကို တစ်ကြိမ်လျှင် အများဆုံး သုံးရက်ထိခံစားနိုင်ပြီး သုံးရက်ထက်ကျော်လွန်ခံစားရန် အကြောင်းထူးရှိပါက အလုပ်ရှင် သို့မဟုတ် မန်နေဂျာ သို့မဟုတ် ခွင့်ပေးပိုင်ခွင့်ရှိသူထံသို့ ခိုင်လုံသောအကြောင်းပြချက်ဖြင့် တင်ပြပါက သုံးရက်ထက်ကျော်လွန်သည့် ရှောင်တခင်ခွင့်ရက်ကို ခွင့်ပြုနိုင်သည်။

၃၀။ ရှောင်တခင်ခွင့်ရက်ကို သတ်မှတ်ခွင့်ပုံစံဖြင့် တင်ပြရမည်။ သို့ရာတွင် အကြောင်းကြောင်းကြောင့် အလုပ်ခွင်သို့ လာရောက်နိုင်ခြင်းမရှိလျှင် တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ကြေးနန်းဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ ခွင့်တိုင်ကြားနိုင်ပြီး ခွင့်ရက်ကုန်ဆုံး၍ အလုပ်ခွင်သို့ ပြန်လည်ရောက်ရှိသည့်အခါ သတ်မှတ်ထားသော ခွင့်တိုင်ကြားပုံစံကို ဖြည့်စွက်၍ အလုပ်ရှင် သို့မဟုတ် မန်နေဂျာ သို့မဟုတ် ခွင့်ပေးပိုင်ခွင့်ရှိသူထံ တင်ပြရမည်။

၃၁။ ရှောင်တခင်ခွင့်ရက်နှင့် တစ်ဆက်တည်း အခြားခွင့်ရက်တစ်မျိုးမျိုးကို တောင်းခံခဲ့သော် ရှောင်တခင်ခွင့်ရက်ပျက်ပြယ်ပြီး ရှောင်တခင်ခွင့်နှင့်ဆက်၍ တောင်းခံသော အခြားခွင့်ရက်တစ်မျိုးမျိုးကို ရှောင်တခင်ခွင့်ရက် စသည့်နေ့ရက်မှစ၍ သတ်မှတ်ခွင့်ပြုရမည်။

၃၂။ ရှောင်တခင်ခွင့်ရက် တစ်ရက်အတွက် သက်ဆိုင်ရာရာအခကြေးငွေကို တွက်ချက်ရာတွင် နေ့စားအလုပ်သမားများအတွက် အလုပ်ရှင်နှင့် သဘောတူညီထားသည့် တစ်နေ့လုပ်ခနှုန်းဖြင့်လည်းကောင်း၊ ပုတ်ပြတ်အလုပ်သမားများအတွက် ရှောင်တခင်ခွင့်ရက်မတိုင်မီ တစ်ဆက်တည်းဖြစ်သော ခုနစ်ရက်အတွင်း ရရှိသော လုပ်ခစုစုပေါင်းကို အမှန်တကယ်လုပ်ကိုင်ခဲ့သည့် အလုပ်ဆင်းရက်ပေါင်းဖြင့် စား၍ရရှိသော ပျမ်းမျှလုပ်ခနှုန်းဖြင့်လည်းကောင်း တွက်ချက်ရမည်။

၃၃။ အလုပ်ရှင် သို့မဟုတ် မန်နေဂျာ သို့မဟုတ် ခွင့်ပေးပိုင်ခွင့်ရှိသူသည် ရှောင်တခင်ခွင့်ရက်မှတ်တမ်းများကို သိမ်းဆည်းထားရှိပြီး သတ်မှတ်ပုံစံဖြင့် ဦးစီးဌာနသို့ လစဉ်ပေးပို့ရမည်။

## လုပ်သက်ခွင့်ရက်ခံစားခြင်း

၃၄။ လုပ်ငန်းသဘာဝအရ တစ်ဆက်တည်းတစ်ဆယ့်နှစ်လပြည့်အောင် လုပ်ကိုင်ရခြင်းမရှိသည့် လုပ်ငန်းတစ်ခုခုတွင် လုပ်သက်ခွင့်ကို အချိုးကျခံစားနိုင်သည်။

၃၅။ လုပ်သက်ခွင့်ရက်တွက်ချက်ရန်အလို့ငှာ လုပ်ခခံစားခွင့်ရှိသည့် ခွင့်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကို တရားဝင်အလုပ်လုပ်ရက်အဖြစ် ထည့်သွင်းတွက်ချက်ရမည်။

၃၆။ အလုပ်သမားသည် လုပ်သက်ခွင့်ရက် တစ်ဆက်တည်းတစ်ဆယ်ရက် ခံစားနေသည့်ကာလအတွင်း ကျရောက်သည့်အလုပ်ပိတ်ရက်များကို လုပ်သက်ခွင့်ရက်၌ ထည့်သွင်းတွက်ချက်ရမည်။

၃၇။ အလုပ်ရှင်သည် မိမိ၏အလုပ်သမားများ လုပ်သက်ခွင့်ရက်ယူနိုင်စေရန် ထိုသူတို့၏ လုပ်သက်ခွင့်ရက်နှင့်သက်ဆိုင်သည့် တစ်ဆယ့်နှစ်လဖြစ်သော ကာလအပိုင်းအခြား၏ နောက်ဆုံးနေ့မှစ၍ သုံးလအတွင်း အလုပ်သမားခံစားခွင့်ရှိသော လုပ်သက်ခွင့်ရက် မည်မျှရရှိကြောင်း တွက်ချက်မှုစာရင်းကို ထုတ်ပြန်ကြေညာပေးရမည့်အပြင် ထိုစာရင်းပါ မည်သည့်နေ့မှ မည်သည့်နေ့အတွင်း အလုပ်သမားတစ်ဦးစီ ခံစားရမည့် လုပ်သက်ခွင့်ရက်များ စာရင်းကို ထုတ်ပြန်ကြေညာပြီး လုပ်ငန်းခွင်၌ အများမြင်သာသောနေရာတွင် ကပ်ထားရမည်။

၃၈။ (က) လစားအလုပ်သမားများ၏ လုပ်သက်ခွင့်ရက်အတွက် ပျမ်းမျှလစာငွေကို လုပ်သက်ခွင့်ရက် စတင်ခံစားသည့်နေ့မတိုင်မီ တစ်ဆက်တည်းဖြစ်သော ရက် ၃၀ အတွင်း ရရှိသည့် လစာငွေကို အမှန်တကယ် အလုပ်လုပ်ရက်ဖြင့်စား၍ရသော တစ်ရက်ပျမ်းမျှလစာငွေဖြင့် ခံစားခွင့်ပြုရမည်။

(ခ) နေ့စားနှင့် ပုတ်ပြတ်အလုပ်သမားများ၏ လုပ်သက်ခွင့်ရက်အတွက် ပျမ်းမျှအခကြေးငွေကို လုပ်သက်ခွင့်ရက်မတိုင်မီ တစ်ဆက်တည်းဖြစ်သော ရက် ၃၀ အတွင်း ရရှိခဲ့သည့် လုပ်ခစုစုပေါင်းကို အမှန်တကယ်လုပ်ကိုင်ခဲ့သည့် အလုပ်ဆင်းရက်ပေါင်းဖြင့် စား၍ရသော ပျမ်းမျှလစာနှုန်းဖြင့် ခံစားခွင့်ပြုရမည်။

၃၉။ လုပ်သက်ခွင့်ရက်ခံစားသူများအား ခွင့်ရက်ကာလမစမီ လုပ်သက်ခွင့်ရက်အတွက် လစာ သို့မဟုတ် အခကြေးငွေကို ကြိုတင်ထုတ်ပေးရမည့်အပြင် ထိုသို့ ထုတ်ပေးမည်ဖြစ်ကြောင်းကို အလုပ်သမားများအား အသိပေးထားရမည်။

၄၀။ အလုပ်သမားသည် အလုပ်ရှင်ထံ ကြိုတင်အကြောင်းကြားစာပေးပို့၍ မိမိဆန္ဒအရ အလုပ်မှနုတ်ထွက်ပါက မိမိရထိုက်ခွင့်ရှိသော လုပ်သက်ခွင့်ရက်ကာလအတွက် ငွေကြေးခံစားခွင့်ကို အလုပ်ရှင်ထံ တင်ပြတောင်းဆိုနိုင်သည်။

၄၁။ အလုပ်ရှင်သည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ၊ လုပ်ငန်းသဘာဝအရ သတ်မှတ်ထားသည့် လုပ်ငန်းခွင်စည်းကမ်းအရဖြစ်စေ အလုပ်ရပ်စဲခံရသော အလုပ်သမား၏ လုပ်သက်ခွင့်ကာလအတွက် ရထိုက်ခွင့်ရှိသော ငွေကြေးခံစားခွင့်ကို ထုတ်ပေးရမည်။

**ဆေးလက်မှတ်ခွင့်ရက်ခံစားခြင်း**

၄၂။ မည်သည့်အလုပ်သမားမဆို သွေးလှူကြောင်း ခိုင်လုံသည့် အထောက်အထားဖြင့် တင်ပြလာပါက သွေးလှူသည့်နေ့ရက်နှင့် နောက်တစ်ရက်ကို ဆေးလက်မှတ်ခွင့်ရက်အဖြစ် ခံစားခွင့်ရှိသည်။

၄၃။ လူမှုဖူလုံရေးအာမခံ အလုပ်သမားမဟုတ်သော လုပ်သက်ခြောက်လမပြည့်သေးသည့် အလုပ်သမားသည် လစာမရှိဆေးလက်မှတ်ခွင့်ရက်ကို တောင်းခံနိုင်သည်။

၄၄။ ရက်ရှည်အလုပ်ပိတ်ထားသော ကာလများအတွင်း နာမကျန်းဖြစ်မှုအတွက် ဆေးလက်မှတ်ခွင့်ရက် တင်ပြတောင်းခံရန်မလိုအပ်ပါ။

၄၅။ ဆေးလက်မှတ်ခွင့်ရက်အတွက် သက်ဆိုင်ရာရာအခကြေးငွေကို တွက်ချက်ရာတွင် နေ့စားအလုပ်သမားများအတွက် အလုပ်ရှင်နှင့် သဘောတူညီထားသည့် တစ်နေ့လုပ်ခနှုန်းဖြင့်လည်းကောင်း၊ ပုတ်ပြတ်အလုပ်သမားများအတွက် ဆေးလက်မှတ်ခွင့်ရက်မတိုင်မီ တစ်ဆက်တည်းဖြစ်သော ရက်ပေါင်း ၃၀ အတွင်းရရှိသော လုပ်ခစုစုပေါင်းကို အမှန်တကယ်လုပ်ကိုင်ခဲ့သည့် အလုပ်ဆင်းရက်ပေါင်းဖြင့် စား၍ရရှိသော တစ်ရက်ပျမ်းမျှလုပ်ခနှုန်းဖြင့်လည်းကောင်း တွက်ချက်ရမည်။

**မီးဖွားခွင့်ရက်ခံစားခြင်း**

၄၆။ မီးဖွားခွင့်ရက်ကို မှတ်ပုံတင်ဆရာဝန်၏ ဆေးလက်မှတ်ထောက်ခံချက်ဖြင့်ဖြစ်စေ၊ လူမှုဖူလုံရေးအဖွဲ့က အသိအမှတ်ပြုသည့် ဆရာဝန်၏ ဆေးလက်မှတ်ထောက်ခံချက်ဖြင့်ဖြစ်စေ တင်ပြတောင်းခံရမည်။

၄၇။ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများသည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ ခံစားခွင့်ရှိသည်။

၄၈။ ပြစ်ဒဏ်ထိုက်သင့်သည့် ကိုယ်ဝန်ပျက်စေခြင်းမဟုတ်သော ကိုယ်ဝန်ပျက်ကျမှုတွင် လူမှုဖူလုံရေးမှတ်ပုံတင်အာမခံ အလုပ်သမားမဟုတ်ပါက အလုပ်ရှင်သည် မှတ်ပုံတင်ဆရာဝန်၏ ထောက်ခံချက်ဖြင့် မီးဖွားခွင့်ရက်အဖြစ် ကိုယ်ဝန်ပျက်သည့်နေ့မှစ၍ အများဆုံးရက်သတ္တပတ် ခြောက်ပတ်ခံစားခွင့်ပြုရမည်။

## အခန်း (၄)
## အလုပ်သမား၏ တာဝန်များ

၄၉။ အလုပ်သမားသည် -

(က) ခွင့်တိုင်ကြားလျှင် အလုပ်ရှင် သို့မဟုတ် မန်နေဂျာ သို့မဟုတ် ခွင့်ပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးထံသို့ ပုံစံ (၁) ဖြင့် သာမန်အလုပ်ချိန်အတွင်း တင်ပြရမည်။

(ခ) ခွင့်ရက်ကုန်ဆုံးပြီး အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်သည့်အချိန်တွင် မိမိလုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်နေကြောင်းကို အလုပ်ရှင် သို့မဟုတ် မန်နေဂျာ သို့မဟုတ် ခွင့်ပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးထံ ပြန်လည်တင်ပြရမည်။

(ဂ) မိမိခွင့်ခံစားနေစဉ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ မမျှော်မှန်းနိုင်သည့် ဖြစ်ရပ်ကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း၊ မိမိရောက်ရှိရာ

နေရာဒေသမှ အလုပ်ခွင်ရှိရာသို့ ခွင့်ကုန်ဆုံးရက်အမီပြန်လာရန် လုံးဝမဖြစ်နိုင်သည့် အခြေအနေတွင် အလုပ်ရှင် သို့မဟုတ် မန်နေဂျာ သို့မဟုတ် ခွင့်ပေးပိုင်ခွင့်ရှိသူတစ်ဦးဦးထံ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း အသိပေးအကြောင်းကြားရမည်။ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ချိန်တွင် ခိုင်လုံသည့်အထောက်အထား တင်ပြရမည်။

## အခန်း (၅)
## အလုပ်ရှင်၏ တာဝန်များ

၅၀။ အလုပ်ရှင်သည် -

(က) အလုပ်သမား၏ ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက်နှင့် မီးဖွားခွင့်ရက်တို့ကို သက်ဆိုင်ရာရာအခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ၊ လုပ်သက်ခွင့်ရက်ကို သက်ဆိုင်ရာပျမ်းမျှအခကြေးငွေဖြင့်ဖြစ်စေ၊ ပျမ်းမျှလစာငွေဖြင့်ဖြစ်စေ ခံစားခွင့်ပြုရမည်။ ရှားပါးစရိတ်ပေးထားလျှင်ထည့်သွင်းခံစားခွင့်ပြုရမည်။

(ခ) အလုပ်သမား၏ လုပ်သက်ခွင့်ရက်ကို ခံစားခွင့်ရှိသည့်နေ့မှစ၍ တစ်ဆယ့်နှစ်လအတွင်း သက်ဆိုင်ရာရာပျမ်းမျှအခကြေးငွေဖြင့်ဖြစ်စေ၊ ပျမ်းမျှလစာငွေဖြင့်ဖြစ်စေ ခံစားခွင့်ပြု၍ ရထိုက်ခွင့်ရှိသည့်အခကြေးငွေခံစားခွင့်ကို ခွင့်မခံစားမီ ကြိုတင်ထုတ်ပေးရမည်။

(ဂ) မိမိအလုပ်ဌာနရှိ အလုပ်သမားများ အလှည့်ကျလုပ်သက်ခွင့်ရက်ခံစားနိုင်ရန် လုပ်သက်ခွင့်ရက်နှင့်သက်ဆိုင်သည့် တစ်ဆယ့်နှစ်လဖြစ်သော ကာလအပိုင်းအခြား၏ နောက်ဆုံးနေ့မှစ၍ သုံးလအတွင်း အလုပ်သမားတစ်ဦးစီခံစားခွင့်ရှိသော လုပ်သက်ခွင့်ရက်မည်မျှရရှိကြောင်း တွက်ချက်မှုစာရင်းကို ထုတ်ပြန်ကြေညာပေးရမည့်အပြင် အလုပ်သမားများ လုပ်သက်ခွင့်ရက်ခံစားနိုင်သည့်ကာလအပိုင်းအခြားကိုလည်း သတ်မှတ်ပေးရမည်။

(ဃ) အလုပ်သမားက လုပ်သက်ခွင့်ရက်မခံစားမီ အလုပ်မှနုတ်ထွက်ခြင်း၊ အလုပ်မှရပ်စဲခံရခြင်း၊ အလုပ်ထုတ်ပစ်ခံရခြင်း၊ သေဆုံးခြင်းဖြစ်လျှင် ရထိုက်ခွင့်ရှိသည့် လုပ်သက်ခွင့်ရက်ကာလအတွက် ခံစားခွင့်များကို ဖြစ်စဉ်ဖြစ်သည့်နေ့မှ အလုပ်ဖွင့်ရက်နှစ်ရက်အတွင်း ငွေကြေးခံစားခွင့်ပေးရမည်။

(င) သေဆုံးသည့်အလုပ်သမား၏ ရထိုက်ခွင့်ရှိသည့် လုပ်သက်ခွင့်ရက် အခကြေးငွေခံစားခွင့်ကို ၎င်း၏တရားဝင်ကိုယ်စားလှယ်အား ထုတ်ပေးရမည်။

(စ) အကြောင်းတစ်ခုခုကြောင့် လုပ်ငန်းယာယီပိတ်သိမ်းရလျှင်ဖြစ်စေ၊ အပြီးပိတ်သိမ်းရလျှင်ဖြစ်စေ၊ အလုပ်သမားကို လုပ်သက်ခွင့်ရက်ကာလအတွက် ရထိုက်ခွင့်ရှိသည့် အခကြေးငွေခံစားခွင့်ကိုဖြစ်စေ၊ လုပ်ငန်းသဘာဝအရ တစ်ဆက်တည်း တစ်ဆယ့်နှစ်လမလုပ်ရသည့် လုပ်ငန်းများတွင်ရထိုက်ခွင့်ရှိသော လုပ်သက်ခွင့်ရက်ကိုဖြစ်စေ တွက်ချက်ခံစားခွင့်ပြုရမည်။

(ဆ) မီးဖွားခွင့်ရက် သို့မဟုတ် ဆေးလက်မှတ်ခွင့်ရက် ခံစားခြင်းကိုအကြောင်းပြု၍ အလုပ်သမားအားလက်ရှိရာထူးအဆင့်မှလျှော့ချခြင်း၊ လစာလျှော့ချခြင်း၊ အလုပ်ဌာနနေရာပြောင်းရွှေ့ခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း မပြုရ။

(ဇ) ဤနည်းဥပဒေများအရ သတ်မှတ်သည့်ပုံစံ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)နှင့် (၆) တို့ကို ရေးသားဖြည့်စွက်ပြီး စစ်ဆေးရေးအရာရှိက အချိန်မရွေးစစ်ဆေးနိုင်ရန် အသင့်စီမံထားရှိရမည့်အပြင်တစ်ဆယ့်နှစ်လကာလအထိ သိမ်းဆည်းထားရမည်။

(ဈ) ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသော အလုပ်သမားများ၏ ခွင့်ခံစားမှုမှတ်တမ်းများကို ပုံစံ (၇) ဖြင့်လစဉ်လဆန်းခုနစ်ရက်ထက် နောက်မကျဘဲ စစ်ဆေးရေးအရာရှိထံ ပေးပို့ရမည်။

(ည) လုပ်ငန်းလိုအပ်ချက်အရ အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်လုပ်ကိုင်လိုပါက အလုပ်သမား၏သဘောဆန္ဒရယူ၍ စစ်ဆေးရေးအရာရှိထံ ပုံစံ (၈) ဖြင့် တင်ပြပြီး ခွင့်ပြုချက်ရယူလုပ်ကိုင်ရမည်။

## အခန်း (၆)

## အထွေထွေ

၅၁။ အလုပ်ရှင်သည် တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ မိမိ၏လုပ်ငန်းကို ငှားရမ်း၍ လုပ်ကိုင်စေပါက ဥပဒေနှင့် ဤနည်းဥပဒေများပါ အကျိုးခံစားခွင့်များကို ငှားရမ်းလုပ်ကိုင်သူ သို့မဟုတ် ငှားရမ်းလုပ်ကိုင်သည့် အဖွဲ့အစည်းက တာဝန်ယူဆောင်ရွက်ရမည်။

၅၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရာတွင် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ပုံ) သိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပုံစံ (၁)

[ခွင့်ရက်နှင့်အလုပ်ပိတ်ရက်နည်းဥပဒေ ၄၉ (က) နှင့် နည်းဥပဒေ ၅၀ (ဇ)]

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

သို့

အလုပ်ရှင်/မန်နေဂျာ/ခွင့်ပေးပိုင်ခွင့်ရှိသူ
------------- စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာန
အမှတ် ( )၊ -------------------- လမ်း၊
စက်မှုဇုန်/ရပ်ကွက် ---------------------၊ -------------------------- မြို့နယ်

အကြောင်းအရာ ။ **ခွင့်တိုင်ကြားခြင်း**

-------------------- တိုင်းဒေသကြီး၊ ----------- မြို့နယ်၊ စက်မှုဇုန်/ရပ်ကွက် ----------၊ --------------------- လမ်း၊ အမှတ် ( ) ရှိ ---------------------------- စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/ အလုပ်ဌာနမှ ကျွန်တော်/ ကျွန်မ ------------------------------- (ရာထူး) -------------------- သည် ----------- ပါသဖြင့် ( - - ) ရက်နေ့မှ ( - - ) ရက်နေ့ထိ ရောဂါတခင်ခွင့်/လုပ်သက်ခွင့်/ဆေးလက်မှတ်ခွင့်/မီးဖွားခွင့် ( ) ရက်ခံစားခွင့်ပြုပါရန် တိုင်ကြားအပ်ပါသည်။

**ခွင့်တိုင်ကြားသူ**

လက်မှတ် ---------------------
ဦး/ဒေါ် ----------------------
------------စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာန

**အလုပ်ရှင်/မန်နေဂျာ/ခွင့်ပေးပိုင်ခွင့်ရှိသူ**

လက်မှတ် ---------------------
------------စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာန

ပုံစံ (၂)

[ခွင့်ရက်နှင့်အလုပ်ပိတ်ရက်နည်းဥပဒေ ၅၀ (ဇ)]

------------------------------------------ စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာန
------------------------- စက်မှုဇုန်/ရပ်ကွက် ------------------------------ မြို့နယ်
----------------- ခုနှစ်၊ ----------------------- လ၏

**အလုပ်ပိတ်သည့် အများပြည်သူအလုပ်ပိတ်ရက်အတွက် ငွေကြေးခံစားခွင့်မှတ်တမ်း**

အလုပ်လုပ်ခွင့်ပြုသည့် ရက်ပေါင်း (　　) ရက်
အလုပ်လုပ်ခွင့်ပြုသည့် လုပ်သားဦးရေ - ကျား (　　) ဦး၊ မ (　　) ဦး၊ ပေါင်း (　　) ဦး
ခံစားခွင့်စုစုပေါင်း - (　　　　　　　　) ကျပ်
(　　　　　　　　) ဒေါ်လာ
လွှတ်လပ်ရေးနေ့ (　　-　　-　　)
ပြည်ထောင်စုနေ့ (　　-　　-　　)

-----------------------------------------
-----------------------------------------

| စဉ် | အလုပ်သမား အမည်/ အမှတ် | ရာထူး | ရက် အရေ အတွက် | တစ်ရက် နှုန်း | သင့်ငွေ | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | ကျပ် | ဒေါ်လာ | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| **စုစုပေါင်း** | | | | | | | |

**မှတ်ချက် ။**　တင်ပြပါရေးသွင်းချက်များ မှန်ကန်ကြောင်း ခံဝန်ကတိပြုပါသည်။

**အလုပ်ရှင်/မန်နေဂျာ**

**လက်မှတ်** --------------
**အမည်** ----------------

ရက်စွဲ၊　ခုနှစ်၊　လ　ရက်

ပုံစံ (၃)

[ခွင့်ရက်နှင့်အလုပ်ပိတ်ရက်နည်းဥပဒေ ၅၀ (ဇ)]

---------------------------------- စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာန/လုပ်ငန်း

----------------------- စက်မှုဇုန်/ရပ်ကွက် ----------------------------- မြို့နယ်

---------------- ခုနှစ်၊ ------------------- လ၏

**အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်လုပ်သည့်အတွက် ငွေကြေးခံစားခွင့်မှတ်တမ်း**

အလုပ်လုပ်ခွင့်ပြုသည့် ရက်ပေါင်း ( ) ရက်

အလုပ်လုပ်ခွင့်ပြုသည့် လုပ်သားဦးရေ - ကျား ( ) ဦး၊ မ ( ) ဦး၊ ပေါင်း ( ) ဦး

ခံစားခွင့်စုစုပေါင်း - ( ) ကျပ်

( ) ဒေါ်လာ

လွှတ်လပ်ရေးနေ့ ( - - )

ပြည်ထောင်စုနေ့ ( - - )

-----------------------------------------

-----------------------------------------

| စဉ် | အလုပ်သမား အမည်/ အမှတ် | ရာထူး | ရက် အရေ အတွက် | နှစ်ဆ နှုန်း | သင့်ငွေ | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | ကျပ် | ဒေါ်လာ | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| **စုစုပေါင်း** | | | | | | | |

**မှတ်ချက်** ။ တင်ပြပါရေးသွင်းချက်များ မှန်ကန်ကြောင်း ခံဝန်ကတိပြုပါသည်။

**အလုပ်ရှင်/မန်နေဂျာ**

**လက်မှတ်** --------------

**အမည်** ----------------

ရက်စွဲ၊ ခုနှစ်၊ လ ရက်

ပုံစံ (၄)

[ခွင့်ရက်နှင့်အလုပ်ပိတ်ရက်နည်းဥပဒေ ၁၅ နှင့် နည်းဥပဒေ ၅၀ (ဇ)]

---------------------------------- စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာန/လုပ်ငန်း
------------------------- စက်မှုဇုန်/ရပ်ကွက် ------------------------------ မြို့နယ်
---------------- ခုနှစ်၊ ----------------- လ၏

**အလုပ်ပိတ်သည့် ရက်သတ္တပတ်နားရက်/ပိတ်ရက်အတွက် ငွေကြေးခံစားခွင့်မှတ်တမ်း**

အလုပ်လုပ်ခွင့်ပြုသည့် ရက်ပေါင်း (　　) ရက်

အလုပ်လုပ်ခွင့်ပြုသည့် လုပ်သားဦးရေ - ကျား (　　) ဦး၊ မ (　　) ဦး၊ ပေါင်း (　　) ဦး

ခံစားခွင့်စုစုပေါင်း - (　　　　　　) ကျပ်
(　　　　　　) ဒေါ်လာ

| စဉ် | အလုပ်သမား အမည်/ အမှတ် | ရာထူး | ရက် အရေ အတွက် | တစ်ရက် နှုန်း | သင့်ငွေ | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | ကျပ် | ဒေါ်လာ | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| **စုစုပေါင်း** | | | | | | | |

**မှတ်ချက် ။**　တင်ပြပါရေးသွင်းချက်များ မှန်ကန်ကြောင်း ခံဝန်ကတိပြုပါသည်။

**အလုပ်ရှင်/မန်နေဂျာ**

**လက်မှတ်** --------------
**အမည်** ----------------

ရက်စွဲ၊　　ခုနှစ်၊　　လ　　ရက်

ပုံစံ (၅)

[ခွင့်ရက်နှင့်အလုပ်ပိတ်ရက်နည်းဥပဒေ ၅၀ (ဇ)]

---------------------------------- စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာန/လုပ်ငန်း
------------------------- စက်မှုဇုန်/ရပ်ကွက် ----------------------------- မြို့နယ်
---------------- ခုနှစ်၊ ----------------- လ၏

**ရက်သတ္တပတ် အလုပ်ပိတ်ရက်/နားရက်တွင် အလုပ်လုပ်သည့် ငွေကြေးခံစားခွင့်မှတ်တမ်း**

အလုပ်လုပ်ခွင့်ပြုသည့် ရက်ပေါင်း ( ) ရက်

အလုပ်လုပ်ခွင့်ပြုသည့် လုပ်သားဦးရေ - ကျား ( ) ဦး၊ မ ( ) ဦး၊ ပေါင်း ( ) ဦး

ခံစားခွင့်စုစုပေါင်း - ( ) ကျပ်
( ) ဒေါ်လာ

| **စဉ်** | **အလုပ်သမား အမည်/ အမှတ်** | **ရာထူး** | **ရက် အရေ အတွက်** | **နှစ်ဆ နှုန်း** | **သင့်ငွေ** | | **မှတ်ချက်** |
|---|---|---|---|---|---|---|---|
| | | | | | **ကျပ်** | **ဒေါ်လာ** | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| **စုစုပေါင်း** | | | | | | | |

**မှတ်ချက်** ။ တင်ပြပါရေးသွင်းချက်များ မှန်ကန်ကြောင်း ခံဝန်ကတိပြုပါသည်။

**အလုပ်ရှင်/မန်နေဂျာ**

**လက်မှတ်** --------------
**အမည်** ----------------

ရက်စွဲ၊ ခုနှစ်၊ လ ရက်

ပုံစံ (၆)

[ခွင့်ရက်နှင့်အလုပ်ပိတ်ရက်နည်းဥပဒေ ၅၀ (ဇ)]

--------------------------------- စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာန/လုပ်ငန်း
------------------------- စက်မှုဇုန်/ရပ်ကွက် ----------------------------- မြို့နယ်
---------------- ခုနှစ်၊ ----------------- လ၏

## လုပ်သက်ခွင့်အတွက် ငွေကြေးခံစားမှုမှတ်တမ်း

ခွင့်ပြုသည့် လုပ်သက်ခွင့် ရက်ပေါင်း (     ) ရက်
ခွင့်ပြုသည့် လုပ်သားဦးရေ - ကျား (     ) ဦး၊ မ (     ) ဦး၊ ပေါင်း (     ) ဦး
ခံစားခွင့်စုစုပေါင်း - (                              ) ကျပ်
(                              ) ဒေါ်လာ

| စဉ် | အလုပ်သမား အမည်/ အမှတ် | ရာထူး | ရက် အရေ အတွက် | တစ်ရက် နှုန်း | သင့်ငွေ | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | ကျပ် | ဒေါ်လာ | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| **စုစုပေါင်း** | | | | | | | |

**မှတ်ချက်** ။ (၁) လုပ်ငန်းပိတ်သိမ်းခြင်း/ အလုပ်မှရပ်စဲခြင်း/ အလုပ်မှထုတ်ပယ်ခြင်း/ အင်အားလျှော့ချခြင်း/ အလုပ်မှနုတ်ထွက်ခြင်း/ သေဆုံးခြင်းကိစ္စများအတွက် ခွင့်အစားငွေကြေးခံစားမှု ထုတ်ပေးခြင်းဖြစ်သည်။

(၂) တင်ပြပါ ရေးသွင်းချက်များ မှန်ကန်ကြောင်း ခံဝန်ကတိပြုပါသည်။

**အလုပ်ရှင်/မန်နေဂျာ**

**လက်မှတ်** --------------
**အမည်** ----------------

ရက်စွဲ၊ ခုနှစ်၊ လ ရက်

ပုံစံ (၇)

[ခွင့်ရက်နှင့်အလုပ်ပိတ်ရက်နည်းဥပဒေ ၅၀ (ဈ)]

-------------------------------- စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာန/လုပ်ငန်း

------------------------- စက်မှုဇုန်/ရပ်ကွက် ----------------------------- မြို့နယ်

---------------- ခုနှစ်၊ ----------------- လ၏

**ခွင့်မှတ်တမ်းဇယားချုပ်**

| စဉ် | အမည် | ရာထူး ဌာန | ခွင့်အမျိုးအစား | | | | | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ရှောင်တခင်ခွင့် | | | | လုပ်သက်ခွင့် | | | | ဆေးလက်မှတ်ခွင့် | | | | မီးဖွားခွင့် | | | |
| | | | ခွင့်ယူရက် | | ခွင့်ယူရက်ပေါင်း | ခွင့်လက်ကျန် | ခွင့်ယူရက် | | ခွင့်ယူရက်ပေါင်း | ခွင့်လက်ကျန် | ခွင့်ယူရက် | | ခွင့်ယူရက်ပေါင်း | ခွင့်လက်ကျန် | ခွင့်ယူရက် | | ခွင့်ယူရက်ပေါင်း | |
| | | | မှ | ထိ | | | မှ | ထိ | | | မှ | ထိ | | | မှ | ထိ | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |

**မှတ်ချက်။** (၁) ခွင့်မှတ်တမ်းဇယားချုပ်ကို စစ်ဆေးရေးအရာရှိထံ လစဉ်လဆန်း (၇) ရက်ထက် နောက်မကျဘဲ ပေးပို့ရမည်။

(၂) တင်ပြပါ ရေးသွင်းချက်များ မှန်ကန်ကြောင်း ခံဝန်ကတိပြုပါသည်။

**အလုပ်ရှင်/မန်နေဂျာ**

**လက်မှတ်** --------------

**အမည်** ----------------

ရက်စွဲ၊ ခုနှစ်၊ လ ရက်

ပုံစံ (၈)

[ခွင့်ရက်နှင့်အလုပ်ပိတ်ရက်နည်းဥပဒေ ၅၀ (ည)]

သို့
စစ်ဆေးရေးအရာရှိ
အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန
----------------------------------------------------

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

အကြောင်းအရာ ။ **အများပြည်သူအလုပ်ပိတ်ရက် (------------------------) နေ့တွင် အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက်တင်ပြလျှောက်ထားခြင်း**

၁။ -------------------- တိုင်းဒေသကြီး/ပြည်နယ်၊ ----------- မြို့နယ်၊ -------------------- ရပ်ကွက်၊ -------------- ဇုန်၊ ---------------------- လမ်း၊ အမှတ် ( ) ရှိ အလုပ်ရှင် ဦး/ဒေါ် ------------------------- ၏ ---------------------------- စက်ရုံတွင် လုပ်ငန်းလိုအပ်ချက်အရ အများပြည်သူအလုပ်ပိတ်ရက်ဖြစ်သော (---------------) နေ့တွင် အလုပ်သမား ကျား ( ) ဦး၊ မ ( ) ဦး၊ ပေါင်း ( ) ဦးတို့အား အောက်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည် -

(က) အများပြည်သူအလုပ်ပိတ်ရက်ဖြစ်၍ သာမန်လုပ်ခနှစ်ဆပေးပါမည်၊

(ခ) ပေးမြဲရှားပါးစရိတ်ရှိလျှင် သာမန်လုပ်ခနှစ်ဆအပြင် ရှားပါးစရိတ်ကိုပါ ပေးပါမည်၊

(ဂ) အလုပ်သမား၏ သဘောဆန္ဒနှင့်အညီသာ လုပ်ကိုင်စေပါမည်၊

(ဃ) သာမန်အလုပ်ချိန် (၈) နာရီသာ လုပ်ကိုင်ပါမည်၊

(င) ခွင့်ပြုချက်ပါ အလုပ်ချိန်ထက်ကျော်လွန် လုပ်ကိုင်ခြင်း မပြုပါ။

၂။ အထက်ပါ သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ကို သိရှိလိုက်နာ ဆောင်ရွက်ပါမည်။

| | | | |
|---|---|---|---|
| လက်မှတ် | - | လက်မှတ် | - |
| အလုပ်ရှင်အမည် | - | မန်နေဂျာအမည် | - |
| စက်ရုံအမည် | - | စက်ရုံအမည် | - |
| ဆက်သွယ်ရန်ဖုန်း | - | ဆက်သွယ်ရန်ဖုန်း | - |
| Fax No | - | Fax No | - |

မိတ္တူကို
တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/စက်မှုဇုန်/မြို့နယ် စစ်ဆေးရေးအရာရှိ
အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန